Daiichi Life

Daiichi
Corporate Care

ဝန်ထမ်းများအတွက်

အနာဂတ်ဘဝကို စိတ်ကြိုက်ပုံဖော်နိုင်ရန်

ငွေကြေးဆိုင်ရာ အကာအကွယ်နှင့်
စိတ်အေးချမ်းမှုများကို ရယူပေးလိုက်ပါ...

Group Insurance က ဘာကြောင့်အရေးပါတာလဲ။

ဝန်ထမ်းများကို ဂရုစိုက်ခြင်းသည် လုပ်ငန်းတစ်ခုအတွက်အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှု ဖြစ်ပါသည်။ ဝန်ထမ်းများအနေနှင့် စိတ်အေးချမ်းလုံခြုံမှုကို ခံစားရသောအခါ ပိုမိုယုံကြည်မှုရှိစွာ လုပ်ဆောင်နိုင်ပြီး ကုမ္ပဏီ (သို့မဟုတ်) လုပ်ငန်းအဖွဲ့အစည်းနှင့်အတူ ရေရှည်တိုးတက်လိုစိတ်လည်း ပိုမိုခိုင်မာလာပါသည်။

ဝန်ထမ်းတိုင်း၏နောက်ကွယ်တွင် ချစ်ရသောမိသားစုများ၊ ရည်မှန်းချက်များနှင့် တောက်ပသောအနာဂတ်တစ်ခု ရှိနေပါသည်။

Group Insurance သည် မမျှော်လင့်ထားသော အခြေအနေများအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် ကူညီပေးပြီး ငွေကြေးဆိုင်ရာ အကာအကွယ်နှင့် စိတ်အေးချမ်းမှုများမှတစ်ဆင့် သင့်ဝန်ထမ်းများအပေါ် ထားရှိသော ဂရုစိုက်မှုကို လက်တွေ့ဖော်ဆောင်ပေးမှာ ဖြစ်ပါသည်။

ဝန်ထမ်းများ၏ အနာဂတ်ကို ငွေကြေးဆိုင်ရာကာကွယ်မှု ပေးထားခြင်းဖြင့်

ဝန်ထမ်းများအပေါ် ထားရှိသော ဂရုစိုက်မှုကို

ထင်ရှားစွာဖော်ပြနိုင်ပါသည်။

ကျန်းမာရေးအကာအကွယ်

ပြီးပြည့်စုံတဲ့ ကျန်းမာရေးဆိုင်ရာ ငွေကြေးကာကွယ်မှုထားရှိခြင်းက ဝန်ထမ်းများအတွက် လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို စိုးရိမ်ပူပန်စရာမလိုဘဲ ဆေးကုသမှုကုန်ကျစရိတ်များ၏ ဝန်ထုပ်ဝန်ပိုးကို လျော့ချပေးနိုင်ပါသည်။

အသက်အာမခံအကာအကွယ်

ဘဝ၏ မသေချာမှုများကြားတွင် ငွေကြေးကာကွယ်မှုထားရှိခြင်းသည် ဝန်ထမ်းများနှင့် သူတို့ချစ်ခင်ရသူများအတွက် အားထားရာတစ်ခုဖြစ်စေပြီး မမျှော်လင့်ထားသော အခြေအနေများ ကြုံတွေ့လာသည့်အခါ ငွေကြေးဆိုင်ရာလုံခြုံမှုကို ပေးထားသည့်အတွက် အနာဂတ်ကို စိတ်ကြိုက်ပုံဖော်ပေးနိုင်မှာ ဖြစ်ပါသည်။

လုပ်ငန်းအတွက် ဘယ်လိုအကျိုးကျေးဇူးများ ရရှိနိုင်မလဲ?

- မမျှော်လင့်ထားသော အခြေအနေများ ကြုံတွေ့လာသည့်အခါ လိုအပ်သော ငွေကြေးအကာအကွယ်များ ရှိနေသဖြင့် စိတ်အေးချမ်းမှုကို ပိုမိုရရှိနိုင်ပါသည်။
- ဝန်ထမ်းများနှင့်သက်ဆိုင်သော ကုန်ကျစရိတ်များကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်ပါသည်။
- ဝန်ထမ်းများအပေါ် ထားရှိသောဂရုစိုက်မှုနှင့် တန်ဖိုးထားမှုကို လက်တွေ့ဖော်ပြနိုင်ပါသည်။
- ဝန်ထမ်းများကို အလေးထားသောလုပ်ငန်းတစ်ခုအဖြစ် ယုံကြည်မှုနှင့် ကောင်းမွန်သော လုပ်ငန်းပုံရိပ်ကို တည်ဆောက်နိုင်ပါသည်။

Daiichi Corporate Care

Daiichi Corporate Care သည် မမျှော်လင့်ထားသောအခြေအနေများ ကြုံတွေ့လာသည့်အခါ ဝန်ထမ်းများအတွက် ကျန်းမာရေးနှင့် အနာဂတ်အတွက် ငွေကြေးကာကွယ်မှုပေးထားမည့် Group Insurance Solution တစ်ခု ဖြစ်ပါသည်။

နေ့စဉ်အကောင်းဆုံး ကြိုးစားလုပ်ဆောင်နေသော ဝန်ထမ်းများနှင့် သူတို့၏မိသားစုများအတွက်

Daiichi Corporate Care နှင့်အတူ သင့်ဝန်ထမ်းများအပေါ် ထားရှိသောဂရုစိုက်မှုကို ပြသလိုက်ပါ။

Daiichi Corporate Care မှရရှိနိုင်မည့် ငွေကြေးအကာအကွယ်များ

- **Daiichi Health Pro** (ကျန်းမာရေးအကာအကွယ်)
- **Daiichi Guard** နှင့် **Daiichi Active Care** (အသက်အာမခံအကာအကွယ်)

လုပ်ငန်း၏လိုအပ်ချက်များနှင့် ကိုက်ညီသည့် ကျန်းမာရေးအကာအကွယ်နှင့် အသက်အာမခံ အကာအကွယ်များကို စိတ်ကြိုက်ရွေးချယ်နိုင်မှာဖြစ်ပြီး ဝန်ထမ်းများ၏ ဘဝခရီးလမ်းတစ်လျှောက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ငွေကြေးအကာအကွယ်များကို ရရှိနိုင်မှာဖြစ်တဲ့အတွက် ဘဝကိုစိတ်ကြိုက်ပုံဖော်နိုင်မှာ ဖြစ်ပါသည်။

ငွေကြေးကာကွယ်မှုအပြင် ဝန်ထမ်းများ၏ နေ့စဉ်ဘဝ ကျန်းမာပျော်ရွှင်မှုအတွက် ဂရုစိုက်ပေးခြင်း

ဝန်ထမ်းများအတွက် ငွေကြေးဆိုင်ရာ အကာအကွယ်များကို ပံ့ပိုးပေးထားရုံသာမက ပိုမိုကျန်းမာပျော်ရွှင်သော ဘဝနေထိုင်မှုပုံစံကို ပိုင်ဆိုင်နိုင်စေရန်လည်း ကူညီပံ့ပိုးပေးထားပါသည်။

ဝန်ထမ်းများအနေဖြင့် ကျန်းမာရေးစစ်ဆေးမှုများ၊ ကျန်းမာရေးအသိပညာပေး ဆွေးနွေးပွဲများနှင့် စိတ်ကျန်းမာရေးဆိုင်ရာ အထောက်အပံ့များကို ရရှိနိုင်သည့်အပြင် Arigatou Program မှတစ်ဆင့် Lifestyle, Healthcare, Hotels, Travel, Sports နှင့် Fitness ဝန်ဆောင်မှုများအတွက် အထူးအကျိုးခံစားခွင့်များနှင့် ပရိမိုးရှင်းများကိုလည်း ရရှိခံစားနိုင်ပါသည်။

Daiichi Health Pro

(ကျန်းမာရေးအကာအကွယ်)

ပိုမိုကျန်းမာသောဘဝသည် လူတိုင်းအတွက် ပိုမိုတောက်ပသော အနာဂတ်ကို ဖန်တီးပေးပါသည်။

Daiichi Health Pro သည် ဝန်ထမ်းများ၏ ဘဝခရီးလမ်းတစ်လျှောက် လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှု၊ စိတ်အေးချမ်းသာမှုနှင့် ငွေကြေးဆိုင်ရာ အကာအကွယ်များကို ပံ့ပိုးပေးခြင်းဖြင့် သူတို့အတွက် အရေးကြီးဆုံးသော မိသားစု၊ အိပ်မက်များနှင့် ရည်မှန်းချက်များအပေါ် ပိုမိုအာရုံစိုက်နိုင်စေပြီး အနာဂတ်ကို ယုံကြည်မှုအပြည့်ဖြင့် ဆက်လက်ပုံဖော်နိုင်စေပါသည်။

ကျန်းမာရေးအာမခံ အကာအကွယ်ထားရှိရန် အသေးစိတ်အချက်အလက်များ

Daiichi Health Pro

အသက်အာမခံထားသူ၏အသက်အပိုင်းအခြား

- ဝန်ထမ်းများ၏ နောင်လာမည့် မွေးနေ့တွင်ပြည့်မည့်အသက်။ ။အသက်(၁၈)နှစ်မှ (၆၀)နှစ်အထိ

ပေါ်လစီသက်တမ်း

- (၁)နှစ် (နှစ်စဉ်သက်တမ်းတိုးနိုင်ခြင်း)
  (**Daiichi Life** ၏ Guideline အပေါ်မူတည်၍)

ပရီမီယံသက်တမ်း

- (၁)နှစ်

ပရီမီယံပေးသွင်းမှု

- နှစ်စဉ်

နှစ်စဉ်ကျန်းမာရေးကုသမှုဆိုင်ရာ အကာအကွယ်ထားနိုင်သောပမာဏ

- ငွေကျပ် သိန်း(၅၀) မှ သိန်း(၂,၅၀၀)အထိ

အာမခံအကာအကွယ်ရရှိနိုင်သော ဧရိယာ

- Myanmar | Myanmar, Thailand, Malaysia နှင့် India |
  Global Coverage (United States မပါဝင်ပါ။)

ဆေးကုသမှု ကုန်ကျစရိတ်များအတွက် အာမခံအကျိုးခံစားခွင့် တောင်းဆိုနိုင်သော နည်းလမ်းများ

- ငွေသားပြန်လည်တောင်းခံခြင်း (Reimbursement) နှင့် ငွေသားမလိုဘဲ ဆေးကုသမှု ခံယူနိုင်ခြင်း (Cashless Claim) နည်းလမ်း (၂) မျိုးဖြင့် တောင်းခံနိုင်သည်။

အဓိက အကျိုးခံစားခွင့်များ

- ဆေးရုံတက်ရောက်ကုသခြင်း အကျိုးခံစားခွင့်
- ဆေးရုံမတက်ဘဲနှင့် ဆေးရုံဆင်းပြီး ကုသမှု အကျိုးခံစားခွင့်များ
- ပြင်ပလူနာဌာနတွင် ပြုသကုသမှု အကျိုးခံစားခွင့်များ
- သေဆုံးမှု အကျိုးခံစားခွင့်

ရွေးချယ်နိုင်သော ထပ်တိုး အကျိုးခံစားခွင့်များ

- ပြင်ပလူနာ အကျိုးခံစားခွင့် (GP/SP/Lab)
- ပြင်ပလူနာ အကျိုးခံစားခွင့် နှစ်ဆ
- နေ့စဉ်အခန်းစရိတ် နှစ်ဆ
- သွားနှင့်ခံတွင်းဆိုင်ရာ ကုသမှု အကျိုးခံစားခွင့်များ
- မျက်စိဆိုင်ရာကုသမှု အကျိုးခံစားခွင့်များ
- ကာကွယ်ဆေးထိုးနှံခြင်း
- ကျန်းမာရေးစစ်ဆေးခြင်း (Physical Check-up)
- ကလေးမွေးဖွားမှုဆိုင်ရာ စောင့်ရှောက်ကုသမှု

ဆေးကုသမှု အကျိုးခံစားခွင့် ဇယား

Medical Plan		Plan 1	Plan 2	Plan 3	Plan 4	Plan 5	Plan 6	Plan 7	Plan 8
နှစ်စဉ်ဆေးကုသမှု ကန့်သတ်ချက်ပမာဏ (မြန်မာကျပ် "၀၀၀)		5,000	15,000	25,000	35,000	50,000	75,000	100,000	250,000
အာမခံအကာအကွယ်ရရှိနိုင်သော ဧရိယာ		Local					Myanmar, Thailand, Malaysia, India	Global Coverage (United States မပါ)	
(က)	ဆေးရုံတက်ခြင်း အကျိုးခံစားခွင့်								
(က-၁)	နေ့စဉ် အခန်းစရိတ်	35	60	80	120	170	330	500	900
(က-၁ က)	အသက် (၁၈) နှစ်အောက် အသက်အာမခံထားသူအတွက် နေ့စဉ်အခန်းစရိတ်	39	66	88	132	187	360	550	990
(က-၂)	အထူးကြပ်မတ်ကုသဆောင်စရိတ်	As Charged, subject to eligible costs up to Policy Limits.							
	အထွေထွေ ဆေးရုံစရိတ်								
	(၁) ဆေးရုံသုံး အထောက်အကူပစ္စည်းများနှင့် ဝန်ဆောင်ခ								
	(၂) ခွဲစိတ်ကုသစရိတ်								
	(၃) ခွဲစိတ်ခန်း အသုံးပြုခ								
	(၄) မေ့ဆေးဝန်ဆောင်ခ								
	(၅) ဆေးရုံတက်စဉ် ဆရာဝန်လာရောက် ကြည့်ရှုကုသစရိတ် (တစ်ရက်လျှင် (၂)ကြိမ်အထိ)								
	(၆) လူနာတင်ယာဉ် စရိတ်	150	150	150	300	300	500	1,000	1,000
(ခ)	ဆေးရုံမတက်မီနှင့် ဆေးရုံဆင်းပြီး ကုသမှု အကျိုးခံစားခွင့်များ	As Charged, subject to eligible costs up to Policy Limits.							
(ခ-၁)	ဆေးရုံမတက်မီ ပြဿကုသခြင်းများနှင့် ရောဂါရှာဖွေ/ဓာတ်ခွဲခန်း ဝန်ဆောင်မှုများ								
(ခ-၂)	ဆေးရုံဆင်းပြီး နောက်ဆက်တွဲ ကုသမှုများနှင့် ရောဂါရှာဖွေ/ဓာတ်ခွဲခန်း ဝန်ဆောင်မှုများ								
(ဂ)	ပြင်ပလူနာဌာနတွင် ပြဿကုသမှု အကျိုးခံစားခွင့်များ								
(ဂ-၁)	နေ့ခွဲစိတ်မှု								
(ဂ-၂)	မတော်တဆမှုအတွက် အရေးပေါ် ပြင်ပလူနာဌာနတွင် ကုသမှု								
(ဂ-၃)	မတော်တဆမှုအတွက် အရေးပေါ် ပြင်ပလူနာဌာနတွင် သွားနှင့်ခံတွင်း ကုသမှု								
(ဂ-၄)	ပြင်ပလူနာဌာနတွင် ကျောက်ကပ်ဆေးခြင်း								
(ဂ-၅)	ပြင်ပလူနာဌာနတွင် ကင်ဆာရောဂါ ကုသခြင်း								
(ဃ)	သေဆုံးမှု အကျိုးခံစားခွင့်	1,000	2,000	3,000	4,000	5,000	6,000	7,000	10,000
(င)	ရွေးချယ်နိုင်သော ထပ်တိုး အကျိုးခံစားခွင့်များ								
(င-၁)	ပြင်ပလူနာအကျိုးခံစားခွင့် (GP/SP/Lab)	420	950	1600	2000	2800	3500	4700	5600
	အထွေထွေရောဂါကု ဆရာဝန်ဖြင့် ပြသခြင်း (တစ်ကြိမ်လျှင်)	27	38	50	59	68	85	100	120
	အထူးကု ဆရာဝန်ဖြင့် ပြသခြင်း (တစ်ကြိမ်လျှင်)	45	80	90	110	120	170	220	240
	ရောဂါရှာဖွေ/ဓာတ်ခွဲခန်း ဝန်ဆောင်မှုများ (တစ်ကြိမ်လျှင်)	60	150	250	290	320	450	600	720
(င-၂)	ပြင်ပလူနာအကျိုးခံစားခွင့် နှစ်ဆ	420	950	1,600	2,000	2,800	NA	NA	NA
(င-၃)	အသက် (၁၈) နှစ်အောက် အသက်အာမခံထားသူ အပါအဝင် နေ့စဉ်အခန်းစရိတ် နှစ်ဆ	35	60	80	120	170	NA	NA	NA
(င-၄)	သွားနှင့်ခံတွင်းဆိုင်ရာ ကုသမှု အကျိုးခံစားခွင့်များ	100	150	200	300	500	NA	NA	NA
(င-၅)	မျက်စိဆိုင်ရာ ကုသမှု အကျိုးခံစားခွင့်များ	100	150	200	300	500	NA	NA	NA
(င-၆)	ကာကွယ်ဆေးထိုးနှံခြင်း	100	150	200	300	500	NA	NA	NA
(င-၇)	ကျန်းမာရေးစစ်ဆေးခြင်း (Physical Check-up)	100	150	200	300	500	NA	NA	NA
(င-၈)	ကလေးမွေးဖွားမှုဆိုင်ရာ စောင့်ရှောက်ကုသမှု	1,000	3,000	5,000	8,000	11,000	NA	NA	NA

နှစ်စဉ် ပရီမီယံကြေးနှုန်းထားများ (မြန်မာကျပ်)

Medical Plan	Plan 1	Plan 2	Plan 3	Plan 4	Plan 5	Plan 6	Plan 7	Plan 8
အသက်	Local					Myanmar, Thailand, Malaysia, India	Global Coverage Except The United States	
1-17	202,000	345,000	500,000	630,000	719,000	1,413,000	1,922,000	3,437,000
18-35	156,000	270,000	407,000	510,000	578,000	1,139,000	1,543,000	2,769,000
36-45	223,000	381,000	524,000	657,000	841,000	1,626,000	2,113,000	3,512,000
45-55	369,000	667,000	921,000	1,158,000	1,432,000	2,782,000	3,791,000	6,207,000
56-65	466,000	819,000	1,077,000	1,423,000	1,754,000	3,328,000	4,458,000	7,314,000

ရွေးချယ်နိုင်သော ထပ်တိုး အကျိုးခံစားခွင့်များ	Plan 1	Plan 2	Plan 3	Plan 4	Plan 5	Plan 6	Plan 7	Plan 8
	Local					Myanmar, Thailand, Malaysia, India	Global Coverage Except The United States	
ပြင်ပလူနာအကျိုးခံစားခွင့် (GP/SP/Lab)	91,000	150,000	196,000	253,000	295,000	492,000	824,000	1,010,000
နေ့စဉ်အခန်းစရိတ် နှစ်ဆ	79,000	118,000	154,000	171,000	192,000	NA	NA	NA
ပြင်ပလူနာအကျိုးခံစားခွင့် နှစ်ဆ	39,000	55,000	83,000	99,000	112,000	NA	NA	NA
သွားနှင့်ခံတွင်းဆိုင်ရာ ကုသမှု အကျိုးခံစားခွင့်များ	88,000	132,000	176,000	264,000	440,000	NA	NA	NA
မျက်စိဆိုင်ရာ ကုသမှု အကျိုးခံစားခွင့်များ	88,000	132,000	176,000	264,000	440,000	NA	NA	NA
ကာကွယ်ဆေးထိုးနှံခြင်း	88,000	132,000	176,000	264,000	440,000	NA	NA	NA
ကျန်းမာရေးစစ်ဆေးခြင်း (Physical Check-Up)	88,000	132,000	176,000	264,000	440,000	NA	NA	NA
ကလေးမွေးဖွားမှုဆိုင်ရာ စောင့်ရှောက်ကုသမှု	80,000	180,000	225,000	240,000	264,000	NA	NA	NA

စောင့်ဆိုင်းကာလနှင့် သတ်မှတ်ထားသော ရောဂါများ

ရက်ပေါင်း (၃၀)

(ပေါ်လစီစတင်သည့်ရက်မှစ၍)

ရက်ပေါင်း (၉၀)

(ပေါ်လစီစတင်သည့်ရက်မှစ၍
သတ်မှတ်ထားသော ရောဂါများအတွက်)

သတ်မှတ်ထားသော ရောဂါများ

- အလုံးအကျိတ်၊ ကင်ဆာများ၊ အရည်အိတ်တည်ခြင်း၊ အဖုအကျိတ်နှင့် အသားလုံးများ အားလုံး
- ဆီးလမ်းကြောင်းနှင့် သည်းခြေတွင် ကျောက်တည်ခြင်းများ
- နာ၊ နာခေါင်း (ဦးခေါင်းခွံအတွင်းရှိ လေအိတ်များအပါအဝင်)၊ လည်ချောင်းနှင့် သိုင်းရွိုက် ရောဂါများ
- အူကျခြင်းများ၊ လိပ်ခေါင်း၊ ဂရင်ဂျိုနာ၊ ရေမုတ်ရောဂါ၊ ကပွယ်အိတ်အတွင်းသွေးကြောဖောင်းခြင်းများ
- မျိုးပွားအင်္ဂါဆိုင်ရာ ရောဂါများ
- ကျောရိုးနှင့် ကျောရိုးရှိ အာရုံကြောဆိုင်ရာရောဂါများ (ကျောရိုးအရွတ်ပြားအပါအဝင်) နှင့် ဒူးခေါင်းရောဂါများ
- သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါနှင့် ဦးနှောက်နှင့် နှလုံးရှိသွေးကြောဆိုင်ရာရောဂါများ

အာမခံ အကျိုးခံစားခွင့် မရရှိနိုင်သော ကိစ္စရပ်များ

- **Daiichi Life** မှ ဤပေါ်လစီအား အာမခံ လက်ခံဆောင်ရွက်သည့်အချိန်တွင် ကြိုတင်အသိပေးခဲ့ခြင်း မရှိသော ရှိရင်းစွဲရောဂါ ကျန်းမာရေးအခြေအနေများ
- ဆေးဘက်ဆိုင်ရာ ခွဲစိတ်ကုသမှု သို့မဟုတ် ဆေးကုသရန် မလိုအပ်သော ပုံမှန်ကျန်းမာရေးစစ်ဆေးခြင်း
- **Daiichi Life** မှ အာမခံပေါ်လစီ စည်းကမ်းသတ်မှတ်ချက်များနှင့် ပင်မအာမခံပေါ်လစီလက်မှတ်တို့တွင် သတ်မှတ်ထားသော အာမခံအကျိုးခံစားခွင့် မရရှိနိုင်သည့် အခြားကိစ္စရပ်များ

မှတ်ချက်။ ။ မတော်တဆမှုကြောင့် ဖြစ်ပေါ်လာသော သေဆုံးမှု သို့မဟုတ် ဆေးကုသမှု အကျိုးခံစားခွင့်များအတွက် စောင့်ဆိုင်းကာလ မရှိပါ။
သက်တမ်းတိုး အာမခံပေါ်လစီများအတွက် စောင့်ဆိုင်းကာလ သတ်မှတ်ချက် မရှိပါ။

အစုအဖွဲ့ကျန်းမာရေးအာမခံအတွက် နမူနာဖြစ်စဉ်

Health Plan	ပေါ်လစီသက်တမ်း	ပရီမီယံပေးသွင်းမှု
Plan 3	1 year (yearly renewal)	Annual

Company DL သည် ဝန်ထမ်း (၆၀) ယောက်၏ ကျန်းမာပျော်ရွှင်ရေးအတွက် ရည်ရွယ်၍ Daiichi Health Pro အစုအဖွဲ့ကျန်းမာရေးအာမခံကို ရွေးချယ်ဝယ်ယူပါသည်။
ဝန်ထမ်းတစ်ဦးစီအတွက် နာမကျန်းဖြစ်ခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရခြင်းကြောင့် ကုန်ကျသော ဆေးကုသမှုစရိတ်များအတွက် တစ်နှစ်လျှင် ကျပ်သိန်း ၂၅၀ (Plan 3) အထိ ကျန်းမာရေးအာမခံ အကာအကွယ်ပေးထားပါသည်။
ဤအစုအဖွဲ့ကျန်းမာရေးအာမခံပေါ်လစီအတွက် ကျသင့်သော နှစ်စဉ်ပရီမီယံမှာ ကျပ် 34,392,000 ဖြစ်ပါသည်။

Daiichi Health Pro			
အသက်	Number of Employees		စုစုပေါင်းနှစ်စဉ်ပရီမီယံ (ကျပ်)
	အမျိုးသား	အမျိုးသမီး	
18-35	20	15	14,245,000
36-45	5	5	5,240,000
46-55	3	5	7,368,000
56-65	2	5	7,539,000
စုစုပေါင်း	**30**	**30**	**34,392,000**
တစ်ယောက်အတွက် ကျသင့်ပရီမီယံ (ကျပ်)	**60**		**573,200**

Daiichi Health Pro အကျိုးခံစားခွင့်များ (အဖွဲ့ဝင်တစ်ယောက်ချင်းစီအတွက်) (မြန်မာကျပ်)	
နှစ်စဉ်ကန့်သတ်ချက်ပမာဏများ	25,000,000
(၁) ဆေးရုံတက်ခြင်း အကျိုးခံစားခွင့်	ပေါ်လစီကန့်သတ်ချက်အတွင်းရှိ အကျုံးဝင်သော ကုန်ကျစရိတ်အတိုင်း
နေ့စဉ်အခန်းစရိတ်	80,000
(၂) ဆေးရုံမတက်မီနှင့် ဆေးရုံဆင်းပြီး ကုသမှု အကျိုးခံစားခွင့်များ	ပေါ်လစီကန့်သတ်ချက်အတွင်းရှိ အကျုံးဝင်သော ကုန်ကျစရိတ်အတိုင်း
(၃) ဆေးရုံတက်ရောက်ကုသမှု အကျိုးခံစားခွင့်များ	ပေါ်လစီကန့်သတ်ချက်အတွင်းရှိ အကျုံးဝင်သော ကုန်ကျစရိတ်အတိုင်း
(၄) ပြင်ပလူနာဌာနတွင် ပြသကုသမှု အကျိုးခံစားခွင့်များ	ပေါ်လစီကန့်သတ်ချက်အတွင်းရှိ အကျုံးဝင်သော ကုန်ကျစရိတ်အတိုင်း
နှစ်စဉ် ကန့်သတ်ချက်ပမာဏများ	1,600,000
အထွေထွေရောဂါကု ဆရာဝန်ဖြင့် ပြသခြင်း	50,000
အထူးကု ဆရာဝန်ဖြင့် ပြသခြင်း	90,000
ရောဂါရှာဖွေ/ဓာတ်ခွဲခန်း ဝန်ဆောင်မှုများ	250,000
(၅) သေဆုံးမှု အကျိုးခံစားခွင့် (ကျပ်)	3,000,000

အရေးကြီးသောမှတ်ချက်။ ။ အထက်ဖော်ပြပါ ပရီမီယံကြေးများသည် အာမခံကုမ္ပဏီ၏ သတ်မှတ်ချက်များအရ Standard Risk အပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပြီး အာမခံလက်ခံဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် အခြေခံ၍ ပရီမီယံကြေးများ အပြောင်းအလဲရှိနိုင်ပါသည်။

ငွေသားမလိုသောဝန်ဆောင်မှု (Cashless Claim) ရရှိသော ဆေးရုံဆေးခန်းများဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ရယူနိုင်ခြင်း

ဝန်ထမ်းများ၏ ဆေးကုသမှုများနှင့် ဆေးရုံဆေးခန်း ပြဿမှုများအတွက် **Daiichi Life** မှ ချိတ်ဆက်ထားသော ဆေးရုံဆေးခန်းများတွင် ငွေသားမလိုသောဝန်ဆောင်မှု (Cashless Claim) ကို ရယူနိုင်ပါသည်။

Cashless Claim ဝန်ဆောင်မှု ရရှိနိုင်မည့် ပြည်တွင်းပြည်ပဆေးရုံများနှင့် ဆေးခန်းများ၏ စာရင်းအပြည့်အစုံကို အောက်ဖော်ပြပါ **Daiichi Life** ၏ Website တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

https://daiichilife.com.mm/claims/

Daiichi Guard and Daiichi Active Care

(အသက်အာမခံအကာအကွယ်များ)

ဘဝခရီးလမ်းတွင် မမျှော်လင့်ထားသော အလှည့်အပြောင်းများကို ကြုံတွေ့လာရတဲ့အခါ ငွေကြေး အကာအကွယ်ရှိခြင်းက ချစ်ခင်ရသူများ၏ အနာဂတ်အတွက် စိတ်အေးချမ်းမှု ရရှိစေမှာဖြစ်ပါသည်။

Daiichi Guard နှင့် **Daiichi Active Care** သည် ဝန်ထမ်းများနှင့် သူတို့၏မိသားစုများအတွက် မမျှော်လင့်ထားသော ဖြစ်ရပ်များ ကြုံတွေ့လာသည့်အခါ ငွေကြေးဆိုင်ရာလုံခြုံမှုကို ပံ့ပိုးပေးပြီး စိုးရိမ်ပူပန်မှုများကို လျော့ချပေးသည့်အတွက် အနာဂတ်ကို ယုံကြည်မှုအပြည့်ဖြင့် ဆက်လက်ပုံဖော်နိုင်မည် ဖြစ်ပါသည်။

အသက်အာမခံ အကာအကွယ်ထားရှိရန် အသေးစိတ်အချက်အလက်များ

Daiichi Guard

အသက်အာမခံထားသူ၏ အသက်အပိုင်းအခြား

- အသက်(၁၈)နှစ်မှ (၆၄)နှစ်အထိ

ပေါ်လစီသက်တမ်း

- (၁)နှစ် (နှစ်စဉ် သက်တမ်းတိုးနိုင်ခြင်း)

ပရီမီယံသက်တမ်း

- (၁)နှစ်

ပရီမီယံပေးသွင်းမှု

- နှစ်စဉ်

အစုအဖွဲ့တစ်ခုစီအတွက် အနည်းဆုံး အာမခံအကာအကွယ်ထားနိုင်သော ပမာဏ

- ငွေကျပ် သိန်း(၅၀)မှစ၍

အဓိကအကျိုးခံစားခွင့်များ

- သေဆုံးမှု အကျိုးခံစားခွင့်/ထာဝစဉ် မသန်စွမ်းဖြစ်ခြင်း အကျိုးခံစားခွင့်

အာမခံအကျိုးခံစားခွင့် မရရှိနိုင်သောကိစ္စများ

- ကြိုတင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်မိမိ အနာတရဖြစ်အောင် လုပ်ခြင်းနှင့် မိမိကိုယ်မိမိ အဆုံးစီရင်ခြင်း
- HIV/AIDS နှင့် အခြားဆက်စပ်သော ရောဂါများ
- တည်ဆဲဥပဒေတွင် ဖော်ပြထားသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို သုံးစွဲခြင်း
- ရာဇဝတ်မှု ကျူးလွန်ခြင်း
- အာမခံဝယ်ယူသည့်အချိန်တွင် ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသော ရောဂါများ

Daiichi Guard အတွက် နှစ်စဉ် ပရီမီယံကြေးနှုန်းထားများ (Reference အတွက်သာ)

အသက်	အမျိုးသား					အမျိုးသမီး				
	အာမခံထားငွေ (ကျပ်)					အာမခံထားငွေ (ကျပ်)				
	10	20	30	40	50	10	20	30	40	50
18-29	54,000	107,000	161,000	214,000	267,000	38,000	75,000	112,000	149,000	186,000
30-39	63,000	125,000	188,000	250,000	313,000	51,000	101,000	151,000	202,000	252,000
40-49	132,000	264,000	395,000	527,000	658,000	97,000	194,000	291,000	387,000	484,000
50-59	374,000	747,000	1,120,000	1,493,000	1,866,000	280,000	559,000	839,000	1,118,000	1,398,000
60-65	660,000	1,319,000	1,978,000	2,637,000	3,296,000	493,000	986,000	1,479,000	1,972,000	2,464,000

မိမိအဖွဲ့အစည်း၏ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များနှင့် ရည်မှန်းချက်များအလိုက် ကိုက်ညီသော အာမခံထားငွေပမာဏနှင့် ပရီမီယံနှုန်းထားများကို ညှိနှိုင်း၍ အကာအကွယ် ထားရှိနိုင်ပါသည်။

နမူနာဖြစ်စဉ်။ Company DL သည် မမျှော်လင့်ထားသော ဖြစ်ရပ်များဖြစ်ပေါ်လာပါက ၎င်း၏ ဝန်ထမ်း အယောက် (၁၀၀) ကို ကာကွယ်ရန် **Daiichi Guard** ကို ရွေးချယ်ခဲ့ပါသည်။
ဝန်ထမ်းတစ်ဦးစီအတွက် အာမခံထားငွေကျပ် သိန်း ၁၀၀ ကို အာမခံအကာအကွယ်အဖြစ် ထားရှိပေးထားပါသည်။ အစုအဖွဲ့ အာမခံပေါ်လစီအတွက် စုစုပေါင်း နှစ်စဉ် ပရီမီယံမှာ ကျပ် 9,942,200 ဖြစ်သည်။

အသက်	စုစုပေါင်းအဖွဲ့ဝင် အရေအတွက်		စုစုပေါင်း နှစ်စဉ်ပရီမီယံ (ကျပ်)
	အမျိုးသား	အမျိုးသမီး	
18-29	15	10	1,173,000
30-39	25	15	2,317,000
40-49	18	10	3,335,800
50-59	2	2	1,305,000
60-65	2	1	1,811,000
စုစုပေါင်း	**62**	**38**	**9,942,200**
တစ်ယောက်အတွက်ကျသင့် ပရီမီယံ (ကျပ်)	**100**		**99,422**
ပရီမီယံအချိုး (Premium Ratio)			**0.99%**

Daiichi Guard အာမခံပေါ်လစီ၏ ထာဝစဉ် မသန်စွမ်းဖြစ်ခြင်းအတွက် အာမခံအကျိုးခံစားခွင့်ဇယား

ထာဝစဉ် မသန်စွမ်းအခြေအနေများ	ပေးအပ်မည့် အကျိုးခံစားခွင့် ပမာဏ (အာမခံထားငွေ၏ %)
လက်နှစ်ဖက်	100%
ခြေနှစ်ဖက်	100%
မျက်စိနှစ်လုံး	100%
လက်တစ်ဖက်နှင့် ခြေတစ်ဖက်	100%
လက်တစ်ဖက်/ခြေတစ်ဖက်နှင့် မျက်စိတစ်လုံး၏ အမြင်စွမ်းရည်	100%

အသက်အာမခံ အကာအကွယ်ထားရှိရန် အသေးစိတ်အချက်အလက်များ

Daiichi Active Care

အသက်အာမခံထားသူ၏ အသက်အပိုင်းအခြား

- အသက်(၁၈)နှစ်မှ(၆၄)နှစ်အထိ

ပေါ်လစီသက်တမ်း

- (၁)နှစ် (နှစ်စဉ် သက်တမ်းတိုးနိုင်ခြင်း)

ပရီမီယံသက်တမ်း

- (၁)နှစ်

ပရီမီယံပေးသွင်းမှု

- နှစ်စဉ်

အစုအဖွဲ့ တစ်ခုစီအတွက် အနည်းဆုံး အာမခံအကာအကွယ် ထားနိုင်သော ပမာဏ

- ငွေကျပ် သိန်း(၅၀)မှစ၍

အဓိကအကျိုးခံစားခွင့်များ

- မတော်တဆဖြစ်ရပ်ကြောင့် သေဆုံးမှု အကျိုးခံစားခွင့်/ထာဝစဉ် မသန်စွမ်းဖြစ်ခြင်း အကျိုးခံစားခွင့်
- မတော်တဆဖြစ်ရပ်ကြောင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ ထိခိုက်ပျက်စီးခြင်း အကျိုးခံစားခွင့်
- အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးဖြင့် ခရီးသွားနေစဉ် မတော်တဆဖြစ်ရပ်ကြောင့် သေဆုံးမှုအကျိုးခံစားခွင့်
- မတော်တဆဖြစ်ရပ်ကြောင့် ဆေးရုံတက်ရောက်ကုသခြင်း အကျိုးခံစားခွင့်

အာမခံအကျိုးခံစားခွင့် မရရှိနိုင်သောကိစ္စများ

- ကြိုတင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်မိမိ အနာတရဖြစ်အောင် လုပ်ခြင်းနှင့် မိမိကိုယ်မိမိ အဆုံးစီရင်ခြင်း
- HIV/AIDS နှင့် အခြားဆက်စပ်သောရောဂါများ
- တည်ခဲ့ဥပဒေတွင် ဖော်ပြပါရှိသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို သုံးစွဲခြင်း
- ရာဇဝတ်မှု ကျူးလွန်ခြင်း
- စစ်ပွဲ(သို့မဟုတ်) စစ်ပွဲကဲ့သို့ ပဋိပက္ခများ၊ ကျူးကျော်မှုများ၊ နိုင်ငံခြားတိုင်းပြည်များ၏ လုပ်ရပ်များ၊ သောင်းကျန်းမှုများ၊ တော်လှန်ရေးများ၊ အဓိကရုဏ်းများ
- ရှိရင်းစွဲ ခြေလက်အင်္ဂါဆုံးရှုံးမှုများ
- အသက်အာမခံထားသူသည် ရေငုပ်ခြင်း၊ တောင်တက်ခြင်း၊ လေထီးခုန်ခြင်း၊ မြန်နှုန်းမြင့်ပြိုင်ပွဲများ (သို့မဟုတ်) အခြားကန့်သတ်ထားခြင်းမရှိသော ပရော်ဖက်ရှင်နယ် အားကစားလှုပ်ရှားမှုများပြုလုပ်ခြင်း၊ လေကြောင်းဆိုင်ရာပျံသန်းခြင်း (non-commercial)
- အင်းဆက်ပိုးမွှား ကိုက်ခံရခြင်းကြောင့် ဖျားနာခြင်း (သို့မဟုတ်) ပိုးဝင်ခြင်း
- ကိုယ်ဝန်ဆောင်ခြင်း၊ မွေးဖွားခြင်း၊ ကိုယ်ဝန်ပျက်ခြင်း (သို့မဟုတ်) ၎င်းတို့၏ နောက်ဆက်တွဲပြဿနာများ
- စိတ်ပိုင်းဆိုင်ရောဂါဖြစ်ခြင်းနှင့် အာရုံကြောချို့ယွင်းခြင်း
- အစားအစာနှင့် အဖျော်ယမကာအဆိပ်သင့်ခြင်း
- ဆေးဘက်ဆိုင်ရာအရ မလိုအပ်သော ခွဲစိတ်မှုတစ်ခုခုကြောင့် ဖြစ်ပေါ်သော နောက်ဆက်တွဲ ဆိုးကျိုးများ
- မသမာသော အာမခံလျော်ကြေး တောင်းခံမှုများ
- အာမခံဝယ်ယူစဉ်က ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့သော အကြောင်းအရာများ
- မတော်တဆဖြစ်ရပ်ကြောင့် မဟုတ်သော အခြားမည်သည့်အာမခံ လျော်ကြေးတောင်းခံမှုမဆို

Daiichi Active Care (Package D) အတွက် နှစ်စဉ် ပရီမီယံကြေးနှုန်းထားများ (Reference အတွက်သာ)

အသက်	Non-Hazardous Occupation					Hazardous Occupation				
	အာမခံထားငွေ (ကျပ်)					အာမခံထားငွေ (ကျပ်)				
	10	20	30	40	50	10	20	30	40	50
အသက် 45 နှစ်အောက်	86,000	172,000	258,000	344,000	430,000	137,300	274,600	411,900	549,200	686,500
အသက် 45 နှစ်နှင့် အထက်	88,400	176,800	265,200	353,600	442,000	141,300	282,600	423,900	565,200	706,500

မိမိအဖွဲ့အစည်း၏ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များနှင့် ရည်မှန်းချက်များအလိုက် ကိုက်ညီသော အာမခံထားငွေပမာဏနှင့် ပရီမီယံနှုန်းထားများကို ညှိနှိုင်း၍ အကာအကွယ် ထားရှိနိုင်ပါသည်။

နမူနာဖြစ်စဉ်။ Company DL သည် မမျှော်လင့်ထားသော ဖြစ်ရပ်များဖြစ်ပေါ်လာပါက ၎င်း၏ ဝန်ထမ်း အယောက် (၁၀၀)ကို ကာကွယ်ရန် **Daiichi Active Care (Package D)** ကို ရွေးချယ်ခဲ့ပါသည်။
ဝန်ထမ်းတစ်ဦးစီအတွက် အာမခံထားငွေကျပ် သိန်း ၁၀၀ ကို အာမခံအကာအကွယ်အဖြစ် ထားရှိပေးထားပါသည်။ အစုအဖွဲ့အာမခံပေါ်လစီအတွက် စုစုပေါင်း နှစ်စဉ် ပရီမီယံမှာ ကျပ် 10,203,000 ဖြစ်သည်။

Age Group	Number of Employees				စုစုပေါင်း နှစ်စဉ်ပရီမီယံ (ကျပ်)
	Non-Hazardous		Hazardous		
	အမျိုးသား	အမျိုးသမီး	အမျိုးသား	အမျိုးသမီး	
အသက် 45 နှစ်အောက်	25	25	11	15	7,869,800
အသက် 45 နှစ်နှင့် အထက်	10	10	2	2	2,333,000
စုစုပေါင်း	**35**	**35**	**13**	**17**	**10,203,000**
တစ်ယောက်အတွက်ကျသင့် ပရီမီယံ (ကျပ်)	**100**				**102,030**
ပရီမီယံအချိုး (Premium Ratio)					**1.02%**

Daiichi Active Care အာမခံပေါ်လစီ၏ ထာဝစဉ် မသန်စွမ်းဖြစ်ခြင်းနှင့် ခြေလက်အင်္ဂါဆုံးရှုံးမှုများအတွက် အကျိုးခံစားခွင့်ဇယား

ထာဝစဉ် လုံးဝဆုံးရှုံးမှုများ အခြေအနေများ	ပေးအပ်မည့် အကျိုးခံစားခွင့် ပမာဏ (အာမခံထားငွေ၏ %)
လက်နှစ်ဖက်	100%
ခြေနှစ်ဖက်	100%
မျက်စိနှစ်လုံး	100%
လက်တစ်ဖက်နှင့် ခြေတစ်ဖက်	100%
လက်တစ်ဖက်/ခြေတစ်ဖက်နှင့် မျက်စိတစ်လုံး၏ အမြင်စွမ်းရည်	100%
နားနှစ်ဖက်လုံး၏ အကြားစွမ်းရည်	50%
လက်တစ်ဖက် သို့မဟုတ် ခြေတစ်ဖက်	50%
မျက်စိတစ်လုံး၏ အမြင်စွမ်းရည်	30%
လက်မတစ်ဖက်	10%
ခြေမတစ်ဖက်	5%
(လက်မမှလွဲ၍) အခြားလက်ချောင်းများ	2%
(ခြေမမှလွဲ၍) အခြားခြေချောင်းများ	1%
ခန္ဓာကိုယ် မျက်နှာပြင် ဧရိယာ၏ ၃၀% ထက်ပို၍ ထိခိုက်သော ဒုတိယအဆင့် လောင်မြိုက်ပျက်စီးခြင်း	50%
ခန္ဓာကိုယ် မျက်နှာပြင် ဧရိယာ၏ ၂၀% ထက်ပို၍ ထိခိုက်သော တတိယအဆင့် လောင်မြိုက်ပျက်စီးခြင်း	100%

အစုအဖွဲ့ ကျန်းမာရေးအာမခံအတွက် နမူနာဖြစ်စဉ် (Reference အတွက်သာ)

- Plan 1 (ငွေကျပ်သိန်း ၅၀) မှ Plan 3 (ငွေကျပ်သိန်း ၂၅၀) အထိသည် သင့်ဝန်ထမ်းများကို ပြီးပြည့်စုံသော ကျန်းမာရေးဆိုင်ရာ အကာအကွယ်ပေးနိုင်ရန်အတွက် ကုမ္ပဏီ (သို့မဟုတ်) လုပ်ငန်းအဖွဲ့အစည်းများမှ အများဆုံးရွေးချယ်သည့် Plan များ ဖြစ်သည်။

- လုပ်ငန်းခွင်တွင် ဝန်ထမ်းများ ရေရှည်တည်မြဲနေစေရန်အတွက် motivation နှင့် reward အဖြစ် သင့်တော်သော Plan များကိုလည်း Senior ဝန်ထမ်းများအတွက် ရွေးချယ်နိုင်ရန် စီစဉ်ပေးမည်ဖြစ်ပါသည်။

Daiichi Health Pro

Company X

လုပ်ငန်းအမျိုးအစား	ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးခြင်း
ဝန်ထမ်းအရေအတွက်	၁၀၀
လိုအပ်သည့် အာမခံအကာအကွယ်များ	ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများ ရရှိခြင်း
အာမခံအကာအကွယ် အမည်	Daiichi Health Pro Plan 1 (ငွေကျပ်သိန်း ၅၀) : Field staff Plan 2 (ငွေကျပ်သိန်း ၁၅၀) : Office staff Plan 3 (ငွေကျပ်သိန်း ၂၅၀) : Senior staff
မှတ်ချက်	ဝန်ထမ်းများ ရေရှည်တည်မြဲရေးနှင့် အပိုအာမခံ အကျိုးခံစားခွင့်များ

အစုအဖွဲ့ အသက်အာမခံအတွက် နမူနာဖြစ်စဉ် (Reference အတွက်သာ)

- အသက်အာမခံထားငွေပမာဏ ကျပ်သိန်း (၁၀၀) မှ (၅၀၀) အထိသည် သင့်ဝန်ထမ်းများကို မမျှော်လင့်ထားသော ဖြစ်ရပ်များမှ အကာအကွယ်ပေးနိုင်ရန်အတွက် ကုမ္ပဏီ (သို့မဟုတ်) လုပ်ငန်းအဖွဲ့အစည်းများမှ အများဆုံးရွေးချယ်သည့် ပမာဏများ ဖြစ်သည်။
- လုပ်ငန်းခွင်တွင် ဝန်ထမ်းများ ရေရှည်တည်မြဲနေစေရန်အတွက် motivation နှင့် reward အဖြစ် သင့်တော်သော Plan များကိုလည်း Senior ဝန်ထမ်းများအတွက် ရွေးချယ်နိုင်ရန် စီစဉ်ပေးမည်ဖြစ်ပါသည်။

Daiichi Guard

Company Y

လုပ်ငန်းအမျိုးအစား	ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် ဝန်ဆောင်မှုများ
ဝန်ထမ်းအရေအတွက်	၁၀၀
လိုအပ်သည့် အာမခံအကာအကွယ်များ	အသက်အာမခံအကာအကွယ်
အာမခံအကာအကွယ်အမည်	Daiichi Guard အသက်ငယ် / အိမ်ထောင်မရှိ ဝန်ထမ်းများအတွက် အခြေခံလစာ၏ 12 ဆ အိမ်ထောင်ရှိ ဝန်ထမ်းများအတွက် အခြေခံလစာ၏ 24 ဆ

Daiichi Active Care

Company Z

လုပ်ငန်းအမျိုးအစား	Engineering
ဝန်ထမ်းအရေအတွက်	၁၀၀
လိုအပ်သည့် အာမခံအကာအကွယ်များ	လုပ်ငန်းလည်ပတ်ရေးအတွက် မဖြစ်မနေရှိထားရမည့် အသက်အာမခံအကာအကွယ်
အာမခံအကာအကွယ်အမည်	Daiichi Active Care အသက်ငယ် / အိမ်ထောင်မရှိ ဝန်ထမ်းများအတွက် အခြေခံလစာ၏ 12 ဆ အိမ်ထောင်ရှိ ဝန်ထမ်းများအတွက် အခြေခံလစာ၏ 24 ဆ

ဒိုင်အိချိကျေးဇူးလက်ဆောင် - Arigatou Program

ပိုမိုကျန်းမာပြီး ပျော်ရွှင်သော လူနေမှုပုံစံကို ပံ့ပိုးပေးနိုင်ရန် Lifestyle, Healthcare, Sports & Fitness နှင့် Hotels များအတွက် အထူးအကျိုးခံစားခွင့်များနှင့် လျှော့ဈေးအစီအစဉ်များကို ခံစားရရှိနိုင်ပါသည်။

Experience our exceptional service and elevate your lifestyle with Daiichi Life Myanmar.

Tier Name : Royale
Criteria : AFYP MMK 50 million and above
Beneficiary : All Individual Life Insured's covered under Group Policy.

Tier Name : Prestige
Criteria : AFYP MMK 20 million and above
Beneficiary : All Individual Life Insured's covered under Group Policy.

Tier Name : Prime
Criteria : AFYP MMK 2.5 million and above
Beneficiary : All Individual Life Insured's covered under Group Policy.

Arigatou Program မှတစ်ဆင့် လူကြီးမင်းအတွက် အထူးအကျိုးခံစားခွင့်များကို ပိုမိုသိရှိနိုင်ရန်အတွက် **QR Code** ကို **Scan** ဖတ်ပါ။

ဝန်ထမ်းများ၏ လက်ရှိနှင့် အနာဂတ်အတွက် အကာအကွယ်ပေးလိုက်ကြပါစို့...

ကျွန်တော်တို့၏ Corporate Solutions Team အနေဖြင့် လူကြီးမင်း၏ လုပ်ငန်းအဖွဲ့အစည်း လိုအပ်ချက်များနှင့် ကိုက်ညီသော ငွေကြေးကာကွယ်မှု အစီအစဉ်များကို စိတ်တိုင်းကျစီစဉ်ပေးပြီး ဝန်ထမ်းများနှင့် မိသားစုများအတွက် ပိုမိုလုံခြုံသော အနာဂတ်၊ စိတ်အေးချမ်းမှုနှင့် ယုံကြည်မှုများကို ဖန်တီးပုံဖော်ပေးနိုင်ရန် အသင့်ရှိနေမှာဖြစ်ပါသည်။

Daiichi Life Myanmar အကြောင်း

Daiichi Life Myanmar သည် နှစ်ပေါင်း (၁၂၀) ကျော် သက်တမ်းရှိ ဂျပန်နိုင်ငံ၏ ထိပ်တန်းအသက်အာမခံကုမ္ပဏီတစ်ခုဖြစ်သည့် **Daiichi Life Group** ၏ ကုမ္ပဏီခွဲတစ်ခု ဖြစ်ပါသည်။ **Daiichi Life Group** သည် ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံပေါင်း (၉) နိုင်ငံတွင် ကာစတမ်မာများနှင့် ၎င်းတို့၏မိသားစုဝင်များအတွက် စိတ်ချလုံခြုံသည့် အနာဂတ်ကို ရရှိစေမည့် ရေရှည်တွေကြေးအကာအကွယ်နှင့် အသက်အာမခံ ဝန်ဆောင်မှုများကို ပေးလျက်ရှိပါသည်။

Daiichi Life Myanmar သည် (၂၀၁၉) ခုနှစ်တွင် တရားဝင်လုပ်ငန်းလိုင်စင်ရရှိခဲ့ပြီး မြန်မာပြည်သူများအတွက် ကမ္ဘာ့အဆင့်မီ အသက်အာမခံဝန်ဆောင်မှုများကို ပေးအပ်လျက်ရှိပါသည်။ **"Customer First"** ဟူသည့် ခံယူချက်အတိုင်း **Daiichi Life Myanmar** သည် မြန်မာနိုင်ငံသူနိုင်ငံသားများအတွက် စိတ်အေးချမ်းသာမှုနှင့် စိတ်ချလုံခြုံသောအနာဂတ်ကို ဖန်တီးပေးနိုင်ရန်အတွက် နိုင်ငံတကာအတွေ့အကြုံရှိ ဝန်ထမ်းများနှင့်အတူ အသက်အာမခံဝန်ဆောင်မှုများကို ပေးလျက်ရှိပါသည်။

Daiichi Life Insurance Myanmar Ltd.

Head Office:
No. 159, Shwegondaing Road, West Shwegondaing Ward, Bahan Township, Yangon Region, 11201, Myanmar.

Phone: +95 9 880 443 003

Email: customercare@daiichilife.com.mm

Website: www.daiichilife.com.mm

MILESTONE BEYOND BORDERS

000015-001-202606